ကျောင်းစာစဉ်　　　　ဆောင်းရာသီပိတ်ရက်ထုတ်

# 戸山

ShinjukukuRitsuToyamaမူလတန်းကျောင်း

၁၁လ၂၉ရက်AOTကိုကြည့်ရှုအားပေးတဲ့အတွက်ကျေးဇူးတင်ပါသည်၊



## မနက်ဖြန်မှစ၍ဆောင်းရာသီကျောင်းပိတ်ရက်！

ယနေ့မှာပဲဒုတိယစာသင်နှစ်အောင်မြင်စွာပြီးမြောက်ခဲ့ပါပြီ၊၁၁လမှာဖွင့်လှစ်ခဲ့တဲ့「 The Art of TOYAMA」၊ယခုနှစ်လက်မှုပညာအတန်းတွင်ဖန်တီးထားသောပစ္စည်းများပြပွဲပြုလုပ်၍အားကစားရုံကိုပြင်ဆင်ပြုပြင်ခဲ့ပါသည်၊ ကလေးများကြည့်ရှုသည့်နေ့တွင်အောင်မြင်တဲ့ပီတိမျက်နှာလေးများ၊သူငယ်ချင်းများ၏ဖန်တီးမှုများကိုလည်းစိတ်ဝင်စားလေးစားကြတာကိုမြင်တွေ့ရပါသည်၊လာရောက်အားပေးကြတဲ့အုပ်ထိန်းသူများနဲ့ရပ်မိရပ်ဖများလည်းကလေးများ၏ဖန်တီးနိုင်စွမ်းအားများကိုမြင်တွေ့ခံစားရရှိကြမည်မဟုတ်ပါလား။

ဒီလိုနဲ့ပဲမနက်ဖြန်မှစ၍ဆောင်းရာသီကျောင်းပိတ်ရက်စတင်ပါပြီ၊ယခုစာသင်နှစ်သင်ကြားမှုများကိုလည်းသေချာစွာပြန်လှန်သုံးသပ်ပြီး၊ရည်မှန်းချက်အသစ်များသို့ဦးတည်၍စိတ်ရောကိုယ်ပါဖြည့်ဆည်းပြင်ဆင်ရန်အချိန်အဖြစ်မိသားစုများနှင့်ကောင်းစွာဖြတ်သန်းကြပါ၊မတော်တဆထိခိုက်မှုများမရှိစေပဲတတိယစာသင်နှစ် (၁လ၈ရက်) မှာကလေးများအားလုံးစုံလင်စွာနဲ့ကျန်းမာရွှင်လန်းစွာမြင်တွေ့ရဖို့ကိုစောင့်မျှော်နေပါသည်။

ယခုစာသင်နှစ်မှာလည်းပူးပေါင်းပါဝင်ပံ့ပိုးမှုများအတွက်အထူးကျေးဇူးတင်ရှိပါသည်၊

## တတိယစာသင်နှစ်စတင်ခြင်း

နေ့ရက်/အချိန်　၁လ၈ရက်(Thu)　ပုံမှန်ကျောင်းတက်သည့်ကျောင်းကျောပိုးအိတ်ဖြင့်ကျောင်းတက်လာရန်

≪ယူလာရန်ပစ္စည်းများ≫

□စာရေးကိရိယာများ　□ဆက်သွယ်စာအုပ်　□ဘေးအန္တရာယ်ကာကွယ်ရေးဦးထုပ်　□ဖုန်သုတ်အဝတ် (၁ထည်) (အသစ်ကိုနာမည်ရေးထိုး၍ယူလာပါ၊)

□အခန်းတွင်းစီးဖိနပ်　□ပစ္စည်းကိရိယာထည့်ရန်ဗူး　□Tablet

※အထက်ပါပစ္စည်းများအပြင်တခြားပစ္စည်းများအတွက်ကိုတော့ကျောဘက်စာမျက်နှာမှအတန်းအသီးသီးအကြောင်းကြားခြင်းမှာဖတ်ရှုကြပါ၊

☆ပစ္စည်းကိရိယာထည့်ရန်ဗူးနှင့်ပန်းချီပစ္စည်းများသည်ဆောင်းရာသီပိတ်ရက်အတွင်း၌သေချာစွာသန့်စင်သိမ်းဆည်း၍လိုအပ်သည်များလည်းဖြည့်ထားကြပါ၊

☆အခန်းတွင်းဖိနပ်နှင့်ကာယဝတ်စုံများသည်သေးလာပြီဖြစ်လျှင်အသစ်ကိုဝယ်ယူပြင်ဆင်ထားပေးကြပါ၊

☆Keyboard harmonicaပိုက်များ၊ recorderစသည်တို့ကိုနောက်ပိုင်းမှာလည်းသုံးမည်ဖြစ်၍သန့်ရှင်းပြီးသိမ်းဆည်းထားပါ၊

## တတိယစာသင်နှစ်(၁လပိုင်း) အစီအစဉ်များ

| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| 1／4<br>ဆောင်းရာသီ<br>ပိတ်ရက်စတင် | 1／5 | 1／6 | 1／7<br>ဆောင်းရာသီ<br>ပိတ်ရက်ပြီး | 1／8<br>အတန်းစတင်ခြင်း<br>ဘေးကင်းလမ်းညွှန်<br>Bချိန်၃နာရီအတန်း | 1／9<br>နေ့လည်စာစတင်<br>နံနက်အတန်း<br>ကော်မတီလှုပ်ရှား<br>မှု(၅၊ ၆ တန်း) | 1／10 |
| ကျောင်းဆင်းချိန် | | | | 11：20 | 1-4တန်း14:10<br>5-6တန်း15:00 | |

## ဆက်သွယ်ရန်နှင့်အကြောင်းကြားခြင်း

လက်မှုပညာဘာသာဆရာမ Oshima Misatoမှာမီးဖွားခွင့်ယူမည်ဖြစ်ပါသည်၊ တတိယနှစ်၏ 2 ～ 6 တန်းများ၏လက်မှုပညာဘာသာအတွက် 3 ～ 6 တန်းကျွမ်းကျင်သင်္ချာသင်ခဲ့သောအချိန်ပိုင်းဆရာမYamada Hirokoမှတာဝန်ယူသင်ကြားပါမည်၊၄င်းအတွက် 3 ～ 6 တန်း၏သင်္ချာကိုအတန်းအဆင့်လိုက်၍သင်ကြားသွားပါမည်၊နားလည်းပေးရန်အထူးတောင်းဆိုရပါသည်။

ကျောင်းတက်လာချိန်တွင်ကျောင်းဦးထုပ်မဆောင်းလာသောကလေးများ၊အိတ်ထဲလက်နှိုက်၍လျှောက်လာသောကလေးများမှာများပြား၍လာပါသည်၊ ဘေးကင်းရန်အတွက်မိသားစုများမှလည်းသတိပေးပြောကြားပေးပါရန်တောင်းဆိုရပါသည်၊ထို့နောက်စက်ဘီးနောက်တွင်တင်၍ကျောင်းပို့ခြင်းသည်လမ်းများကျဉ်းမြောင်းပြီးအန္တရာယ်များသည်ဖြစ်၍ထိုကဲ့သို့မပြုလုပ်ကြပါရန်ပြောကြားလိုပါသည်။

**ကျောဘက်၌အတန်းနှစ်အလိုက်အကြောင်းကြားခြင်းများရှိပါသည်၊**